


# ဘုရားသခင်၏
# အံ့ဩဖွယ်သော ကျေးဇူးတော်

# ဘုရားသခင်၏ အံ့ဩဖွယ်သော ကျေးဇူးတော်



ကျွန်ုပ် ၁၄နှစ်သားအရွယ်၌ အရက်သမားတစ်ယောက်လုံးလုံးဖြ
စ်ခဲ့ပြီး၊ ဖောက်ပြန်မှုနှင့် စိတ်ကူးလို့ပင် မရနိုင် သည် မကောင်းမှုဒုစ
ရိုက်အားလုံးထဲမှာ အသက်ရှင်ခဲ့တယ်။ ဖွန်းတစွန်းစာ ဂီစီကီနည်းန
ည်းခြင်းစီမှ ၅ဂါလံထိ တိုင်အောင် သောက်သုံးခဲ့တယ်။ ကော
င်းမွန်စွာကြီးပြင်လာရခြင်း (သို့) ခရစ်ယာန် စည်းမျဉ်းစည်း
ကမ်းများမှ ကြီးပြင်းလာရ ခြင်းမရှိခဲ့ရခြင်းကြောင့် ကျွန်ုပ်န င့်
ကျွန်ုပ်အကိုဟာ တိရစ္ဆာန်ကဲ့သို့ ကြီးပြင်းခဲ့ရတယ်။ စာတန်ဟာ ဝေ
လာကကြီးရဲ့ အရှင် ဖြစ်ပြီး၊ ကျွန်ုပ် မျက်စိများကို ကန်းစေခဲ့တယ်။ စိ
တ်ပျက်စရာကောင်းသော၊ တကိုယ် ကောင်းဆန်သော၊ ဘုရားမကြို
က်သောဘဝနှင့် ဖျက်ဆီးတတ်သော ဘဝဖြင့် အသက်ရှင်ခဲ့ရတယ်။
လူထင် သည့်အတိုင်း မှန်သော လက္ခဏာ ရှိသော်လည်း အဆုံး၌ သေခြင်း
သို့ပို့သော လမ်းတမျိုးရှိ၏။



ကျွန်ုပ် ၃၁နှစ် အရွယ်၌ ကျွန်ုပ်၏အပြစ်
သားဘဝသည် အထွဋ်အထိပ်သို့ ရောက်လာ
ခဲ့သည်။ ညတစ်ည၌ အရက်သောက် အိမ်
ကိုပြန်လာခဲ့ပြီး၊ ကျွန်ုပ်နှင့်အတူ နေသောသူများနှင့် စကားများ
ငြင်းခုန်ခဲ့ကြတယ်။ သူတို့ ကျွန်ုပ်ကို ခြိမ်းခြောက်ခဲ့ကြပြီး၊ ရု
တ်တရက် ကြောက်စိတ်ဝင်လာခဲ့တယ်။ ခိုးပါ၊ သတ်ပါ၊ ဖျ
က်ဆီးပါ လို့ ပြောတဲ့ နတ်ဆိုးဟာ ကျွန်ုပ်ဆီလာပြီး၊ အချင်း
၃၈ လက်မ ပစ်စတိုနဲ့ လေးယောက်စလုံးကို သတ်ပစ်ရန် တွန်း
အားပေးခဲ့တယ်။ သူတို့ကို ပစ်ခတ်ပြီးနောက် ကျွန်ုပ်ကို ကျွန်ုပ်
ပစ်သတ်ဖို့ရန် ခိုင်းစေပြန်တယ်။ ဒါကြောင့် ဂမ်းဗိုက်မှာ ၂ချက်၊
အဆုတ်နေရာ ၁ချက်၊ နောက်ဆုံး ကျွန်ုပ်ရဲ့ဦးခေါင်းမှာတစ်ချ

က် စုစုပေါင်း၅ချက် ပစ်ခတ် ခိုင်းခဲ့တယ်။


ချက်ခြင်း၊ တောက်ပတဲ့အလင်းရောင် ကျွန်ုပ်ရဲ့ပတ်လည်မှာ လင်းလာပြီး၊ ကျွန်ုပ်ဆီကို တန်ခိုးကြီးတဲ့ လေတိုးသံ လာတာကို ကြားမိတယ်။ တီဗွီဖန်သားပြင်လိုဘဲ၊ ဘုရားသခင်ရဲ့ဝိညာဉ်တော်ဟာ ကျွန်ုပ်ရဲ့ ကလေးဘဝမှစ၍ ရှိ သမျှအပြစ်တွေကို ဖေါ်ပြပေးခဲ့တယ်။ အပြစ်တရား၏ အခဟာသေခြင်း ဆိုသည့် ငရဲကို သွားနေတဲ့ ကျွန်ုပ်ရဲ့ လမ်းဟာ ပျောက်ဆုံးခဲ့တာကို သိရှိခံစားပြီး၊ ကျွန်ုပ်ဝိညာဉ်ထဲမှာ ငရဲမီးလောင်ကျွမ်းနေတာကို ခံစားမိခဲ့တယ်။ ထိုနောက် `ထိုသခင်၏ နာမကို ခေါ်သောသူပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်` လို့ ဝိညာဉ် တော်က စကားပြောတယ်။ မီးခိုးထွက်နေတဲ့ သေနတ်ကို ကျွန်ုပ်လက်ထဲမှာ ဆက်လက်ကိုင်ထားပြီး၊ ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ထဲမှ သွေးများဖြာဆင်းနေခဲ့တယ်။ ညအမှောင်ထဲမှာ ဒယိမ်းဒယိုင်နဲ့ `ယေရှု၊ ကျွန်ုပ်ကို ကယ်တင်ပါ` လို့ အော်ဟစ်နေခဲ့တယ်။




ချက်ခြင်း၊ သာမာန်ထက်လွန်ကဲတဲ့ အရာတစ်ခုက နေရာယူလာတယ်။ ဘုရားသခင်ရဲ့ ကောင်းကင်တမန်နဲ့၊ မကောင်းတဲ့ဝိညာဉ်ဆိုးတွေကြား ပြင်းထန်တဲ့တိုက်ပွဲ ဖြစ်လာတော့မယ်ဆိုတာ ကျွန်ုပ်ခံစားသိရှိလာတယ်။ ဘုရားသခင်ရဲ့ဝိညာဉ်တော်ဟာ အရက်သေစာ၊ ဆေးလိပ်သောက်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ ဘုရားကိုစော် ကားခြင်းများစတဲ့ မကောင်းတဲ့အရာတွေအားလုံးကို လွှတ်ပစ်လိုက်ပြီး၊ လောင်ကျွမ်းနေသောမီးကဲ့သို့ ကျွန်ုပ်အ အပေါ်မှာ တည်ရှိနေခဲ့တယ်။

ယေရှုခရစ်တော်ရဲ့ အသွေးတော်အားဖြင့် ကျွန်ုပ်ရဲ့ အပြစ်အားလုံးကို သန့်ရှင်းစေခဲ့ပြီး၊ ကျွန်ုပ်ရဲ့နလုံးသားထဲ ကြီးမားတဲ့ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်းကို လွှမ်းမိုးစေခဲ့တယ်။ ကျွန်ုပ်ဟာ နောက်တခါ စာတန်ရဲ့တန်ခိုးအားဖြ

င့် သူ့ရဲ့ကျေးကျွန်အဖြစ်မဟုတ်တော့ဘဲ ဘုရားရဲ့သားအဖြစ် အသစ်သောမွေးဖွားခြင်းကို ရရှိလာခဲ့တယ်။ ယေရှု ကျွန်ုပ်ကို သန့်ရှင်းသောဂိညာဉ်တော်နှင့်ပြည့်စေခဲ့ပြီး ကျွန်ုပ်ရဲ့ နှုတ်ခမ်းမှ အသစ်သောအရာနဲ့ မသိသော ဘာ သာစကားနှင့် ချီးမွမ်းခဲ့တယ်။ ဒဏ်ရာအနာတရနဲ့ ဒယိမ်းဒယိုင်နဲ့တစ်ယောက်ထဲ၊ ရထားလမ်းပေါ်မှာ အကူ အညီမဲ့စွာ လဲကျနေခဲ့တယ်။ ကျွန်ုပ်ရဲ့ ခန္ဓာမှာ သွေးများကျဆင်းနေပြီး တဖြည်းဖြည်းအေးစက်လာတယ်။ အဲဒီအ ချိန်မှာဘဲ ရထားလာနေတာကတွေ့ရတယ်။ နတ်ဆိုးဟာ ကျွန်ုပ်ကို သတ်ဖို့ရန် ကြိုးစားနေပေမယ့်လည်း သခင် ဘုရားဟာ ရထားအလံကို ချဖို့ ရဲသားတစ်ယောက်ကို စေလွှတ်ခြင်းအားဖြင့် အံ့ဩဖွယ်ရာ ကျွန်ုပ်ကို ကယ်တင် ခဲ့တယ်။ ရဲသားဟာ ကျွန်ုပ်ကို စီးကရက်တလိပ်ပေးခဲ့တယ်။ ဒါပေမယ့် ထူးခြားဆန်းကျယ်တဲ့အရာအားဖြင့် အဲဒီ အရာဟာ ကျွန်ုပ်ကို မသန့်ရှင်းသောအရာအဖြစ် ဖြစ်လာခဲ့တယ်။ ဘုရားသခင်ဟာ ကျွန်ုပ်ရဲ့ မကောင်းတဲ့အကျင့် ဆိုးတွေများမှ ပြီးပြည့်စုံစွာ လွတ်မြောက်စေခဲ့ပြီး၊ အသစ်သောအသက်တာကို ပေးခဲ့တယ်။ ဘုရားသခင်ရဲ့ ကယ် တင်ခြင်းကျေးဇူးဟာ ဘယ်လောက်ထိ အံ့ဩစရာကောင်းပါသလဲ။



ဆေးရုံသို့ ပို့ဆောင်ခြင်းကို ခံရပြီးနောက် ကျွန်ုပ်တို့ရဲ့ ဘဝကို ကယ်တင်ဖို့ရန် ကြိုးစားခြင်းများဟာ မအောင်မြင် သောအရာဖြစ်ရုံသာမက သေဖို့ရန် ပေးအပ်ခြင်းခံရသောသူများဖြစ်ကြပါတယ်။ သို့သော်ငြားလည်း သခင်ဘု ရားသည် ကျွန်ုပ်တို့ကိုဆုတောင်းပေးဖို့ရန် ခရစ်ယာန်တချို့ကို စေလွှတ်ခဲ့တယ်။ ကျွန်ုပ်တို့ ငါးယောက်စလုံးဟာ မြန်မြန်ဆန်ဆန် ကျန်းမာခဲ့ကြတယ်။ ယေရှုဟာ သူ့ရဲ့ နှုတ်ကပတ်တော်နှင့် နတ်ဆိုးများကို နှင်ထုတ်ပြီး၊ ထိုသူများကို ကျ



န်းမာစေပါတယ်။ သူ့ရဲ့ဒဏ်ချက်အားဖြင့် ကျွန်ုပ်တို့သည် အနာပျောက်လျက်
ရှိကြသည်။ ယေရှုဟာ ကျွန်ုပ်တို့ရဲ့ ဝိညာဉ်ကိုကယ်တင်သောအရှင်ဖြစ်ရုံသာ
မက ကျွန်ုပ်တို့ရဲ့ ကိုယ်ခန္ဓာကိုလည်း ကျန်း မာစေခဲ့တယ်။ ဘုရားသခင်၏
နည်းလမ်းများဟာ နားလည်နိုင်တာထက် ကျော်လွန်ပြီး ပြည့်စုံပါတယ်။ သူ
သည် စာ ငှက်ကလေးများကို ဂရုစိုက်သလို သူ့ထံသို့ လှည့်ပြန်လာသောသူ
များကို ဘယ်လောက်ထိ ဂရုစိုက်မလဲ။



ယေရှုဟာ ကျွန်ုပ်ရဲ့ အနာရောဂါပျောက်ကင်းစေ
သာ ကယ်တင်ပိုင်ရှင် ဖြစ်လာပြီး၊ မကြာမီမှာဘဲ ကျွန်ုပ်ရဲ့
ရှေ့နေတစ်ယောက်ဖြစ်လာပါတယ်။ ကျွန်ုပ်ကို တရားစီ
ရင်သောနေ့ တရားသူကြီးရှေ့မှောက်မှာ ခုခံမှုမရှိဘဲ ရပ် ေ
နခဲ့တယ်။ အားလုံးဟာ ကျွန်ုပ်ရဲ့ ဆန့်ကျင်ဘက်တွင် ရှိနေေ
ပမယ့်လည်း ဘုရားသခင်ဟာ တရားသူကြီးရဲ့ န လုံးသား
ကို တို့ထိပြီး၊ ပြစ်ဒဏ် အနှစ် ၂၀ကို ဘဲ ကျွန်ုပ်ကို ချမှတ်ခဲ့
တယ်။ ထောင်ရဲ့သံတိုင်အနောက်မှာ ကျွန်ုပ် ရဲ့ဘ၀ကို ကု
န်ဆုံးရပေမယ့်လည်း ဘုရားသခင်၏ အံ့သြဖွယ်ရာ ပြုပြင်ပြော
င်းလဲခြင်းကြောင့် ကျွန်ုပ်ရဲ့ဝိ ညာဉ်ဟာ ငှက်ကဲ့သို့ လွတ်လ

ပ်ပေါ့ပါးနေပါတယ်။ ဒုစရိုက်ကို ပြုသမျှသောသူတို့သည် ဒုစရိုက်၏ ကျွန်ဖြစ်ကြ၏။ ထို့ကြောင့် သားသည် သင်တို့ကို လွှတ်လျှင် သင်တို့သည် ဧကန်အမှန်လွတ်ကြလိမ့်မည်။

ယေရှုအကြောင်းကို ပိုမိုသိချင်လာတဲ့ စိတ်ဟာ ကျွန်ုပ်ရဲ့နှလုံးသားထဲမှာ ပြည့်နှက်နေပြီး၊ အကျင်းထောင် ထဲတွင် ရှိနေစဉ်ကာလတွင်း ဘုရားသခင်ကျွန်ုပ်ကို မစရန် ဆုတောင်းခဲ့ပါသည်။ ပထမဦးအကြိမ် အကျင်း ထောင်ထဲရှိအခန်းကျဉ်းလေးထဲကို ဂင်တဲ့အချိန်မှာ သန့်ရှင်းသောဂိညာဉ်တော်ဟာ ကျွန်ုပ်အိပ်စင်အောက်ကို ကြည့်ရန်



ပြောခဲ့တယ်။ မွေ့ရာအောက်ကို ကြည့်လိုက်တဲ့အခါမှာ ကျွန်ုပ်အလွန်အံ့အားသင့်သွားတယ်။ ကျမ်းစာ အုပ် အသစ်စက်စက်လေးဟာ အဲ့ဒီအောက်မှာရှိနေတာကိုတွေ့ရတယ်။ ဟာလေလုယာ၊ ပြဿနာတစ်ခုက တော့ ကျမ်းစာကို ဘယ်လိုဖတ်ရမလဲဆိုတာကို တခါမှ မသင်ကြားခဲ့ရဘူး။ ဒါပေမယ့် အရာအားလုံးကို ဖန်ဆင်း တဲ့ဘုရားက ကျွန်ုပ်ကိုနေ့စဉ် သင်ကြားပေးခဲ့တယ်။

ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ဖတ်ရှုတဲ့အခါ ဂျူးလူမျိုးဖာရိရှဲတစ်ယောက်ဖြစ်တဲ့ ရှောလုရဲ့ အသက်တာဟာထူးခြားပြောင်မြောက်တဲ့ ပြောင်းလဲခြင်းမျိုး ခံစားခဲ့ရတာကို ကျွန်ုပ်တွေ့ ရှိခဲ့ရတယ်။ ဒီကနေ့ လူများလိုဘဲ သူဟာ ယေရှုကို ဘုရားသခင်ရဲ့သား ကယ်တင်ရှင်ဆိုတာကို မယုံကြည်ခဲ့ဘူး။



ဒါကြောင့် သူရဲ့ ဘာသာရေးအာသီသကြောင့် သူ့ရဲ့ အချိန်ကာလမှာ ခရစ်ယာန်မြောက်များစွာကို ငြင်းပန်းနှိပ်စက် သတ်ဖျက်ခဲ့ တယ်။ သို့သော် သနားခြင်းတွေနှင့်ပြည့်စုံတဲ့ ဘုရားသခင်ဟာ သူ့လိုမျိုးပုဂ္ဂိုလ်မျိုးကိုတောင် ကယ်တင်နိုင် ခဲ့တယ်။ သူပြောင်း

လဲပြီး သုံးရက်မြောက်သောနေ့မှာ ရှောလု (ပေါလုဖြစ်လာ)ဟာ ရေနဲ့နှစ်ခြင်းမင်္ဂလာကို ခံခဲ့ပြီး၊ ဘုရားသခင်ဟာ သန့်ရှင်းသောဂိညာဉ်တော်နှင့်သူ့ကို ပြည့်စေခဲ့တဲ့အကြောင်းကိုလည်း ဖတ်ရှုခဲ့ရတယ်။ ဤပထမဆုံးအတွေ့အကြုံဟာ ကျွန်ုပ်ရဲ့ ပြောင်းလဲခြင်းကို အားနည်းနေစေခဲ့တယ်။ ဒါကြောင့် ကျွန်ုပ်ဟာ လိုလိုလားလား သခင်ဘုရားရဲ့စကားကိုနားထောင်းခြင်းအားဖြင့် ပထမ ဦးဆုံးအခွင့်အရေးမှာဘဲ ရေအားဖြင့် နှစ်ခြင်းမင်္ဂလာကို ခံခဲ့တယ်။



ထောင်ထဲမှာရှိနေစဉ်အတွင်း ကျွန်ုပ်ဟာ ဘာသာရေးနဲ့ဆိုင်တဲ့ ရေဒီယိုထုတ်လွှင့်မှုတွေကို နားထောင်ခဲ့ပြီး၊ စာပေးစာယူသင်ခန်းစာကိုလည်း ရေးသားခဲ့တယ်။ သို့သော် သူတို့သင်ကြားတဲ့အရာတွေကို လေ့လာခြင်းဟာ ကျွန်ုပ်အတွက် ပို၍ ပို၍ ရှုပ်ထွေးလာစေတယ်။ ဒါကြောင့် ဘုရားသခင်ဟာ အဲ့ဒီစာအုပ်အားလုံးကို ဖျက်ဆီး ပစ်ရန် ကျွန်ုပ်ကိုပြောခဲ့တယ်။ ထိုသို့ဆိုလျှင် သူကိုယ်တိုင် သူ့ရဲ့ နှုတ်ကပတ်တော်ကျမ်းစာကို သင်ပေး နိုင်မှာဖြစ်ပါတယ်။ `သမ္မာတရားနှင့်ပြည့်စုံသော ထိုဂိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို သင် တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်`။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဟာ နေ့ရော၊ ညရော ကျွန်ုပ်ရဲ့ အားရကျေနပ်စရာဖြစ်လာပါတယ်။ နိမ့်သိမ့်ခြင်း၊ ခွန်အားပေးခြင်း နှင့် လမ်းပြပို့ဆောင်ခြင်းများ၏ အရင်းအမြစ် အဖြစ် သူ့ရဲ့နှုတ်တော်ထွက်ဟာ ကျွန်ုပ် အကျဉ်းထောင်ထဲမှ နေ့ရစဉ်ကာလပတ်လုံး သန့်ရှင်းစွာနေထိုဖို့ရန်နှင့် အောင်မြင်သော အသက်တာဖြစ်လာဖို့ရန် ကျွန်ုပ်ကို အထောက်အကူဖြစ်စေခဲ့ပါတယ်။

အခြားသော ခရစ်ယာန်များနှင့်အတူ ခရစ်တော်၏ ချစ်ခြင်းအားဖြင့် လုပ်ဆောင်ရသော အလုပ်များကို ကျွန်ုပ်တို့ရဲ့ သူငယ်ချင်းအကျဉ်းသားများထံ သက်သေခံခြင်းသော်၎င်း၊ ကျမ်းစာများကို သင်ပေးခြင်းသော်၎င်း၊ ဖျားနာ

သာသူများကို ဆုတောင်းခြင်းပေးခြင်းဍင်း စသည့်အရာများကို ကျွန်ုပ်တို့အစပြုခဲ့ကြသည်။ ကျွန်ုပ်တို့ ဟာ မြောက်မြားစွာသော ငြင်းပန်းနှိပ်စက်မှုများ၊ အကြိမ်ပေါင်းမြောက်များစွာ ကျွန်ုပ်တို့ရဲ့အသက်ကို ခြိမ်း ခြောက်ခံရသော်ငြားလည်း ကျွန်ုပ်တို့ဟာ ဆက်လက်လုပ်ဆောင်ခဲ့ပြီး၊ ယေရှုခရစ်တော်၏ နာမကို ထင်ရှားစေခဲ့ ကြတယ်။

နောက်ဆုံးမှာတော့ အမှုအကျင့်ကောင်းများကြောင့် ၁၃နှစ်ကျော်ကြာပြီးနောက် ကျွန်ုပ်ဟာ အကျင်းထောင်မှ လွတ်မြောက်လာခဲ့တယ်။ ပေတရုကဲ့သို့ ထောင်မှလွတ်မြောက်ပြီး သန့်ရှင်းသူ ဆုတောင်းအဖွဲ့ရဲ့ လမ်းပြပို့ ဆောင်ခြင်းကို ခံခဲ့ရသလို၊ သခင်ဘုရားဟာ အံ့သြဖွယ်ရာ သူ့ရဲ့အမှုတော်ထဲမှာ ပါဝင်ဖို့ရန် အရာအားလုံး စွန့်လွှတ်ခဲ့သော သူ့ရဲ့ သန့်ရှင်းသူ ဆုတောင်းအဖွဲ့ထံသို့ ကျွန်ုပ်ကို ပို့ဆောင်ပေးခဲ့တယ်။



မကြာမီမှာဘဲ ကျွန်ုပ်ဟာ ကားတိုင်ပေါ်မှာ ကျွန်ုပ်အတွက်အသက်ပေးအသေခံခဲ့တဲ့ ယေရှုခရစ်တော်ထံ ကျွန်ုပ်ရဲ့ ဘဝတစ်ခုလုံး အပ်နှံလိုက်ပါတယ်။ `သူ့ရဲ့ အမှုတော်အတွက် ဘာကြောင့် ဘုရားသခင်ဟာ တခြား သူကို မရွေးဘဲ တန်ဖိုးမရှိတဲ့ကျွန်ုပ်ကို ဘာကြောင့်ရွေးတာလဲလို့ မကြာခဏ ကျွန်ုပ်ကို ကျွန်ုပ် အံ့သြစွာနဲ့ မေး မိခဲ့တယ်။ `ခေါ်တော်မူသောသူတို့တွင် လောကီပညာရှိအများမပါ။ ထင်ရှားသော လူကြီးအများမပါ။ မင်းမျိုး မင်းနွယ်ဖြစ်သောသူအများမပါ။ ဘုရားသခင်သည် ပညာရှိတို့ကို ရှက်ကြောက်စေခြင်းငှါ၊ လောကီအရာ၌ အားနည်းသော သူတို့ကို ရွေးကောက်တော်မူ၏။ ထို့ကြောင့် ဘုရားသခင်ရှေ့၌ အဘယ်သူမျှ ဝါကြွားစရာ အကြောင်းမရှိ`။ တကယ်ပဲ သူ့ရဲ့နှုတ်တော်ထွက်စကားဟာ ပြည့်စုံနေခဲ့တယ်။

မိတ်ဆွေ၊ ဘုရားသခင်သည် အကျွန်ုပ်လို အပြစ်သားကို ကယ်တင်နိုင်တယ် ဆိုရင် သင်သာမက လူသားအား လုံးကို ကယ်တင်နိုင်ပါတယ်။ ကမ္ဘာလော ကကြီးတခုလုံးရဲ့အပြစ်များအတွက် ကားတိုင်ပေါ်မှာ အသွေးသွန်းခဲ့ သော ယေရှု၏ အသွေးတော်ထံ စစ်မှန်သောစိတ်နှင့် သူ့ထံသို့လာသော အပြစ်သား များကို သန့်ရှင်းစေခြင်း၊ လွတ်မြောက်စေခြင်း၊ ကယ်တင်ခြင်း စသည့်အရာ များကို တတ်နိုင်ပါသည်။ ဘာကြောင့် ယနေ့မှာ သင့်အသက် တာကို သူ့ထံ သို့ မပေးအပ်တာလဲ။ ယေရှုခရစ်တော် ကြွလာဖို့ နီးကပ်လာပြီး။ သူသည် သင့်ကို ထိုနေ့ရက် အတွက် အဆင့်သင့်ဖြစ်စေဖို့ရန် သန့်ရှင်းသောအသက် တာ၊ အောင်မြင်သောအသက်ဖြစ်စေဖို့ရန် ကူညီပေးနိုင် ပါသည်။

ကျွန်ုပ်ပိုင်ဆိုင်တဲ့ သဘာဂတရားကြီးတခုလုံး

သူ့ရဲ့ ကမ်းလှမ်းမှု အလွန်ပင်နီးကပ်

မေတ္တာဟာ အံ့ဩဖွယ်ရာ၊ ဘုရားကဲ့သို့

ကျွန်ုပ်အသက်၊ ကျွန်ုပ်ဂိညာဉ်၊ ကျွန်ုပ်၌ ရှိသမျှ သူတောင်းဆို

ကျွန်ုပ်အသက်ရှင်ခြင်းသည် ခရစ်တော်ပင်ဖြစ်သည် သေ လျှင်မူကား သာ၍အကျိုးရှိ၏။

လုပ်ဆောင်ခြင်းဖြင့် ကယ်တင်ခံရ- **Samuel Drain**



## ဆုတောင်းချက်

အဖဘုရား၊ ကျွန်ုပ်အပြစ်များအတွက် နောင်တရပါ၏။ (သင့်အပြစ် အသေးစိတ် အားလုံးကို ဝန်ချတောင်းပါ)။ ကျွန်ုပ်၏ အပြစ်များကို ခွင့်လွှတ်ပြီး၊ သားတော်ယေရှုခရစ်တော်၏ အသွေးနှင့် ကျွန်ုပ်ကို သန့်ရှင်းစေကြယ်စေတော်မူပါ။ သန့်ရှင်းသောဝိညာဉ်တော်နှင့် ကျွန်ုပ်ကို တံဆိပ်ခပ်ပြီး၊ ခရစ်တော်ပြန်လည်ကြွလာမယ့်နေ့ရက် အတွက် အသင့်ဖြစ်စေဖို့ရန် ကျွန်ုပ်ကို မစတော်မူပါ။ ယေရှုနာမ၌ ဆုတောင်းပါ၏။ ကျေးဇူးတင်ပါ၏။ အဖ။ အာမင်။

## ကျမ်းစာ ကိုးကားချက်များ

သုတ္တံ ၁၄း၁၂၊ ယောဟန် ၁၀း၁၀၊ ရောမ ၆း၂၃၊ ရောမ ၁၀း၉-၁၃၊
ယောဟန် ၃း၃-၅၊ တမန် ၂း၁-၄၊ ၁ကော ၁၄း၂၊ ၁၄း၁၈၊
မဿဲ ၈း၁၆၊၁၇၊ ၁ပေ ၂း၂၄၊ ယောဟန် ၈း၃၄၊၃၆၊ တမန် ၉း၁-၂၀၊
ယောဟန် ၁၆း၁၃၊ ၁ယော ၂း၂၇၊ တမန် ၁၂း၁-၁၇၊ လုကာ ၁၄း၂၆-၃၃၊
၁ကော ၁း၂၆၊ ဖိလပ္ပိ ၁း၂၁။

